ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ သောကြာနေ့၊ (15-4-2005)(၄၅၆၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ၁၃၆၆–၆၇ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် တက်ရောက်အားပေးဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

၁၃၆၆–၆၇ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်အားပေးဆင်နွှဲကြသည်။

အဆိုပါ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတ နိုင်ငံသံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ်ဦးဆောင်သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ မိသားစုများ၊ နိုင်ငံတော် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ၁၃၆၆–၆၇ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် တက်ရောက်လာကြသော သံအမတ်ကြီးများက အတာရေပက်ဖျန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၄-၂၀၀၅
(သောကြာနေ့)

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်မှု ထာဝရငြိမ်းချမ်းရေးကိုမလွဲကေန်ဖော်ဆောင်နိုင်မည်

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားကို ဧပြီလ ၁၂ ရက်နေ့၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ် စယ်အူကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်အမျိုးသား တပ်မတော် (SSNA) တပ်မဟာ(၁၁)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ လက်နက်များကို အပြီးအပိုင် အပ်နှံကြပြီး ငြိမ်းချမ်းရေးနှင့်လက်နက် လဲလှယ်ခဲ့ကြသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံအားဖြင့်နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဒေသခံပြည်သူများ ဥပဒေဘောင်အတွင်း၌ တည်ငြိမ်အေးချမ်းစွာ နေထိုင်သွားလာ လုပ်ကိုင်စားသောက်နိုင်ရေးတို့သည် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ပေါင်းစည်းလက်တွဲ နေထိုင်ကြရမည်ဖြစ်သကဲ့သို့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသား သွေးချင်းသားရင်းများ စည်းလုံးညီညွတ်မှု ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ကြရန်လည်း အထူးပင် လိုအပ်လှပေသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်န ဦးစီးတပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးကိုလည်း လျင်မြန်စွာ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားတွင် SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နက ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားရာ၌ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ရန်အတွက် မိမိတို့လိုပင် တစ်ချိန်က အကြောင်းအမျိုးမျိုး၊ အစွဲအလမ်းအမျိုးမျိုးဖြင့် လက်နက်စွဲကိုင်နေကြသည့် ဥပဒေဘောင်အတွင်း ဝင်ထားသော ညီအစ်ကိုအဖွဲ့အစည်းအားလုံးကိုလည်း မိမိတို့လို လမ်းကြောင်းမှန်ပေါ်ရောက်ရှိစေရန် လက်နက်စွဲကိုင်ထားရသော သံသယစိတ်များကို ပယ်ဖျောက်ပြီး ပြည်သူလူထုအပေါ် စစ်မှန်သည့် မေတ္တာစေတနာ အပြည့်အဝဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက်ကို အပြီးအပိုင် လဲလှယ်ခြင်းအားဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအပေါ် စောင့်ရှောက်ပြီး အလုပ်အကျွေးပြုသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက ပြည်သူလူထုအား ကျေးသားရင်သားမခွဲခြားဘဲ တစ်သွေးတည်းတစ်သားတည်းထားကာ တောင်ပေါ်မြေပြန့်အနှံ့အပြား၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ မျှမျှတတ ဆောင်ရွက်ပေးနေမှုများ၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်ပြီး ဆောင်ရွက်ပေးရာတွင် ရှမ်းပြည်နယ်၌လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်းညချင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေမှုများကို မြင်တွေ့ခဲ့ကြရသဖြင့် SSNA တပ်မဟာ(၁၁)က လက်နက်စွဲကိုင်ထားသည့် လမ်းစဉ်ကို ပြန်လည်သုံးသပ်မိခဲ့ကြခြင်းဖြစ်ကြောင်း သိရပေသည်။

ထို့ပြင် နိုင်ငံတော်က ကျင်းပနေသည့် အမျိုးသားညီလာခံတွင် ညှိနှိုင်းချမှတ်လျက်ရှိသည့် အခြေခံမူများသည်လည်း တစ်ချိန်က ၎င်းတို့လိုချင် တောင့်တခဲ့သည့် လူမျိုး၊ဘာသာမခွဲခြားဘဲ ကွာဟမှုအနည်းဆုံး အခွင့်အရေးရရှိကြမည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်များ၊ စေတနာများအပေါ် သံသယမရှိအကြွင်းမဲ့ ယုံကြည်လာခဲ့မှုကြောင့်လည်း ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်သူလူထုရှေ့မှောက်၌ ရှင်းလင်းပြောကြားသွားသည်။

သို့ဖြစ်ရာ ရဲရဲပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကို ရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲဧကန် ဖော်ဆောင်နိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စည်သူရှင်စေတီ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၁၄

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့သို့ ရောက်ရှိပြီး ဆက်လက်ထွက်ခွာခဲ့ရာ ပခုက္ကူမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန တောင်တန်းသာသနာပြု ဗဟိုသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

စစ်ဆေး

ဆက်လက်၍ဝန်ကြီးသည်ပခုက္ကူမြို့ အနောက်တိုက် သာသနာ့ ဝေပုလ္လကျောင်းဆရာတော်ဘဒ္ဒန္တသောမနအားဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။ ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပခုက္ကူမြို့နယ် သာသနာရေးဦးစီးဌာန နိဗ္ဗာန်ကုန် အရောင်းဆိုင် တည်ဆောက်မှုများကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် ဧပြီ ၁၂ ရက်တွင် ပခုက္ကူမြို့မှ ထွက်ခွာ၍ မကွေးတိုင်း ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်း စည်သူရှင်စေတီတော်မြတ် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရ (အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) မကွေး ဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးသိန်းတန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမျှပေးဝေ

အခမ်းအနားကို နံနက် ၈ နာရီ တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရ(အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) မကွေး ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ဆရာတော်ကြီးထံမှ အနုမောဒနာနှင့် ရေစက်သွန်းချ တရားနာကြားပြီး အမျှပေးဝေသည်။

ပူဇော်

ထို့နောက် ဝန်ကြီးက စည်သူရှင်စေတီတော်မြတ် ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနား၌ အမှားအယွင်းနှင့် မပြည့်စုံခြင်းများရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်လျှာကိုတိုင်တည်ရွတ်ဆိုပေးခြင်း၊ ထို့နောက် ဝန်ကြီးသည် မင်္ဂလာအချိန်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊စိန်ဖူးတော် ဘုံအဆင့်ဆင့်တို့ကို တင်လှူပူဇော်ပြီး သံဃာတော်အရှင်သူမြတ်များက ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)၊ ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ၂၁ရက်(စနေနေ့) နံနက် ၈ နာရီတွင် အထက်ပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး၊ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးခင်မောင်စိုး ဖုန်း-၅၄၈၈၂၅၊ ဦးမဲအောင် ဖုန်း-၅၇၇၇၆၁၊ ဦးနု ဖုန်း-၂၁၀၅၈၃၊ဦးသာအောင်ကျော်ဖုန်း-၅၂၇၀၄၂၊ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၃၀၅၊ ဦးတင့်လွင် ဖုန်း-၅၆၅၆၄၁၊ ဦးအောင်ကြည် ဖုန်း-၃၈၁၂၀၃၊ ဒေါ်စန်းနု ဖုန်း-၀၅၆-၂၁၀၃၂၊ ဦးရန်နောင်ဖုန်း-၆၄၀၁၈၈၊ ဒေါ်ခင်လှမြင့် ဖုန်း-၅၅၄၁၀၇၊ ဒေါ်အေးအေးစိုး ဖုန်း-၅၅၇၅၁၉ သို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်/တိုင်း ပညာရေးမှူးများမှ တစ်ဆင့်လည်းကောင်း၊ မေ၁၄ရက်(စနေနေ့) နောက်ဆုံးထား၍ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒုက္ခရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ပျော်ရွှင်စွာ ရေကစား

မဟာသင်္ကြန် အကျနေ့တွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ရေကစား မဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (ကြေးမုံ)

ဧပြီ ၃ ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၂) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဆုချီးမြှင့်ပွဲတွင် တတိယတန်းမှ ပထမဆုရ ကျောင်းသူ မနှင်းသီရိခိုင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လှနွယ် ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တောင်ကြီးမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၊ ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၁၄

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်ကြီးမြို့ပေါ်ရှိကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၃ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ မြို့လယ်မဇ္ဈိမရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို၍ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင် ဆရာတော်ကြီး အမှူးပြုသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့လယ်မဇ္ဈိမရုံ ဂေါပကအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော်ကြီး ဘဒ္ဒန္တဆန္ဒာဓိကထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် ဩဝါဒါစရိယ သိမ်တောင်ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ သိမ်တောင်ဆရာတော်ကြီးက အနုမောဒနာနှင့် ရေစက်ချတရားတော်ချီးမြှင့်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စူဠာမုနိ လောကချမ်းသာစေတီတော်သို့သွားရောက်ကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

လက်မှတ်ထိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသူများ၏ အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စေတီတော်အား လှည့်လည်ကြည့်ရှုကြသည်။

နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာစေတီတော်မှ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ခါသကြန်ယိမ်းအကအဖွဲ့များက နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် ဩဝါဒါစရိယ သိမ်တောင်ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်း ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စူဠာမုနိလောကချမ်းသာစေတီတော်အတွက် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ၏ အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပိုလန်တပ်ဖွဲ့ဝင်များ ဟီလာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသည်ကို ဧပြီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အီရတ်နိုင်ငံ ကန်တပ်စခန်းအနီး ကားဗုံးနှစ်လုံးပေါက်ကွဲ

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံ ကွမ်မြို့ အနောက်ခွန်ဌာနအနီးရှိ အမေရိကန်စစ်ဆေးရေးစခန်းတွင် ယမန်နေ့က ကားဗုံးနှစ်လုံးဆင့်၍ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီယာရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

ဖောက်ခွဲ

အနောက်ခွန်စခန်းအနီး အမေရိကန်စစ်ဆေးရေးဂိတ်ဆီသို့ အသေခံကားဗုံးခွဲသမားက ၎င်း၏ ကားကိုမောင်းသွင်းကာ ဖောက်ခွဲတိုက်ခိုက်လိုက်သည်။ ပထမဗုံးကွဲပြီး မကြာမီမှာပင် ဒုတိယကားဗုံးတစ်လုံးဆင့်၍ ပေါက်ကွဲပြန်သဖြင့် အခင်းဖြစ်ပွားရာနေရာတွင် လူအများအပြား ဒဏ်ရာရရှိသွားကြောင်း သတင်းကဖော်ပြသည်။

ထုတ်လွှင့်

တစ်ဆက်တည်းမှာပင် ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့များအကြား တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့သည်ဟု မျက်မြင်တွေ့ရသူများကို ကိုးကား၍ ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်လွှင့်သွားသည်။

စွပ်စွဲ

ကွမ်မြို့သည်အီရတ်နိုင်ငံ၏ ဘဂ္ဂဒက်မြို့တော်မှ အနောက်ဘက် ကီလိုမီတာ ၄၀၀ခန့် အကွာတွင်တည်ရှိသည်။ အမေရိကန် ဦးဆောင်သော အီရတ်ကျူးကျော်စစ် စတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ် အချိန်မှစ၍ ထိုမြို့သည် အမေရိကန်များကို ဆန့်ကျင်မှုပြင်းထန်သောမြို့တစ်မြို့အဖြစ်သို့ ရောက်ရှိခဲ့ရသည်။ ယင်းနယ်စပ်မြို့မှတစ်ဆင့် ပြောက်ကျားတိုက်ခိုက်ရေးသမားများ အီရတ်နိုင်ငံအတွင်းသို့ စိမ့်ဝင်လျက်ရှိသည်ဟု အမေရိကန်တို့က စွပ်စွဲကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မျိုးဗီဇပြုပြင်ထားသော ဗိုင်းရပ်စ်ပိုးဖြင့်စမ်းသပ်ကုသ ဦးနှောက်ကင်ဆာကျိတ် ပျောက်ကင်းနိုင်ကြောင်း တွေ့ရဟုဆို

လော့စ်အိန်ဂျလိစ် ဧပြီ ၁၃

ဦးနှောက်တွင် ကင်ဆာရောဂါ ခံစားနေရသော ကြွက်ငယ်များကို မျိုးဗီဇပြုပြင်ထားသော ဗိုင်းရပ်စ်ပိုး ထိုးသွင်း၍ စမ်းသပ်ကုသရာ သိသာစွာသက်တမ်းရှည်လာသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသီများက ဧပြီ ၉ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အနာဂတ်ကာလတွင် လူများ၌ ဖြစ်ပွားသောကင်ဆာရောဂါကို အဆိုပါ မျိုးဗီဇ ပြုပြင်ထားသော ဗိုင်းရပ်စ်ဖြင့် ကုသခြင်းဖြင့်ထိရောက်စွာနှင့်အန္တရာယ်ကင်းဝေးစွာ ကုသနိုင်စရာ အလားအလာရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။ သို့ရာတွင် တိရစ္ဆာန်များနှင့် စမ်းသပ်ကုသရာမှ လူများကို ကုသနိုင်သည့်အဆင့်အထိ လက်တွေ့ တက်လှမ်းနိုင်ရေးကိစ္စမှာ အချိန်ယူ၍ အဆင့်များစွာကို ကျော်ဖြတ်ရဦးမည့် လုပ်ငန်းမျိုးဖြစ်သည်ဟု ဆိုသည်။

ရေးသားဖော်ပြ

ယခုစမ်းသပ်မှုကိုအိုဟိုင်းယိုးပြည်နယ်ဆေးတက္ကသိုလ်မှ ပါမောက္ခအန်တိုနီယိုကျီယိုကာက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုစမ်းသပ်ချက်နှင့်ပတ်သက်သော တွေ့ရှိချက်များကို နောက်ဆုံးထုတ် ကင်ဆာသုတေသနဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ သုတေသီများ စမ်းသပ်ရာ၌ အသုံးပြုသော ဗိုင်းရပ်စ်အမျိုးအစားမှာ အွန်ကိုလိုင်တစ်ဗိုင်းရပ်စ်ဖြစ်သည်။ ထိုဗိုင်းရပ်စ်မှာ မလစ်ဂနင့်ဂလိုမာခေါ်ကင်ဆာ ဖြစ်နေသောဆဲလ်များအတွင်း ပေါက်ပွားနိုင်သည့်အပြင် ကင်ဆာဆဲလ်များကိုလည်း သတ်ဖြတ်နိုင်စွမ်းရှိသည်ဟု ဖော်ပြထားသည်။ ထို့အပြင် အဆိုပါ ဗိုင်းရပ်စ်သည် ရောဂါမရှိသည့်ရိုးရိုးဆဲလ်များကိုထိခိုက်ပျက်စီးစေခြင်း မရှိသည်ကိုလည်း တွေ့ရသည်ဟု တင်ပြထားသည်။

ပွားများပုံ့နှံ့

လူသား၏ခန္ဓာကိုယ်တွင် ဦးနှောက်ကင်ဆာ ဖြစ်ပွားနေကြောင်း သိရချိန်တွင် ကင်ဆာဆဲလ်များသည် ဦးနှောက်အတွင်း လျင်မြန်စွာ ပွားများပျံ့နှံ့နေချိန်ပင်ဖြစ်သည်။ ခွဲစိတ်ကုသခြင်း၊ ဓာတုဗေဒဆေးဝါးပေး၍ ကုသခြင်းနှင့် ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်းများ ပြုလုပ်သည့်တိုင်အောင် ရောဂါရှိနေကြောင်း သိရပြီးချိန်မှ နောက်တစ်နှစ်အတွင်း အသက်ဆုံးရှုံးတတ်ကြသည်ကို တွေ့ရသည်။

မျိုးဗီဇ ပြုပြင်ထားခြင်း မရှိသော အွန်ကိုလိုင်တစ်ဗိုင်းရပ်စ်မှာ ဦးနှောက်ကင်ဆာ ဆဲလ်များအတွင်း၌ မျိုးပွားမှုနှုန်း အလွန်နည်းပါးသွားသည့်အတွက် ကင်ဆာဆဲလ်များကို တိုက်ဖျက်ရာ၌ အားပျော့သွားသည်။ သို့ဖြစ်၍ သုတေသီများက မူလဗိုင်းရပ်စ်ကို ကင်ဆာဆဲလ်များအတွင်း ပွားများနိုင်သော သတ္တိရှိလာစေရန် မျိုးဗီဇ ပြုပြင်ယူရာမှ လိုအပ်သော အရည်အသွေးရှိသည့် ဗိုင်းရပ်စ်ကို ဖန်တီးယူနိုင်ခဲ့ကြသည်။ ထိုဗိုင်းရပ်စ်မျိုးသစ်ကို ဖန်တီးသူသုတေသီများက အိုင်စီပီ ၃၄ဒသမ၅ (ICP 34.5) ဟု အမည်ပေးခဲ့ကြသည်။

၂၁ ရက်ကြာ

ဦးနှောက်ကင်ဆာရောဂါကို ကြွက်များတွင် ဖြစ်ပေါ်စေရန် လုပ်ဆောင်ပေးပြီး မျိုးဗီဇပြုပြင်ထားသည့် ဗိုင်းရပ်စ်ပိုးဖြင့် စမ်းသပ် ကုသကြည့်သည်။ ကုသခြင်းမခံရသော ကြွက်များမှာ ရောဂါဖြစ်ပွားအပြီး ၂၁ ရက်အကြာတွင် သေဆုံးသွားကြသော်လည်း အိုင်စီပီ ၃၄ဒသမ၅ ဗိုင်းရပ်စ်ဖြင့် ကုသခံရသောကြွက်များမှာ ရက်ပေါင်း ၉၀ အထိ အသက်ဆက်၍ ရှည်ကြသည်ကို တွေ့ကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဆာမာဝါ၌ ကားဗုံးပေါက်ကွဲ သုံးဦးသေ၊ ၂၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆာမာဝါမြို့တွင် ယမန်နေ့က အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည့်အတွက် အီရတ်လူမျိုးသုံးဦး အသက်ဆုံးရှုံးသွားပြီး ၂၀ ဦးတို့ ဒဏ်ရာရရှိသွားကြကြောင်း သတင်းရပ်ကွက်များက ဆိုသည်။

ပေါက်ကွဲ

ဆာမာဝါမြို့ အယ်လ်ဒူဘတ်အရပ်ဈေးအနီးတွင်ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များရှိနေသော နေရာတွင် ဗုံးတင်ထားသည့် ပစ်ကပ်ကားတစ်စင်း ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထိုမြို့သည် ဘဂ္ဂဒက်မြို့တော်၏ မြောက်ဘက်တွင် တည်ရှိသည်။

အဆိုပါပေါက်ကွဲသည့်နေ့က ဆာမာဝါမြို့ရှိ အဓိက ဆေးရုံကြီးသို့ သေဆုံးနေသူသုံးဦးနှင့် ဒဏ်ရာရထားသူ ၂၀ ကျော်တို့ ရောက်ရှိလာကြကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။ ထိုသူများထဲတွင် ကလေးငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ပါဝင်သည်။

တွေ့မြင်

ပစ်ကပ်ကားတစ်စီးသည် ယာဉ်လေးစီးပါသော အမေရိကန်ယာဉ်တန်းကို ဝင်တိုက်သည်ကို တွေ့မြင်လိုက်ရသည်ဟု မျက်မြင်တွေ့လိုက်ရသူတစ်ဦးက ပြောကြားသည်။

ယင်းအဖြစ်အပျက်ကြောင့် အမေရိကန်တပ်ဖွဲ့များ ထိခိုက်ဒဏ်ရာရရှိသည်ဆိုသော သတင်းမျိုး လောလောဆယ်တွင် သတင်းရရှိခြင်းမရှိသေးဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုလံဘီယာတွင် ဓာတ်အားတိုင်အခိုးခံရ မြို့ရှစ်မြို့ မီးမလာ

ဘိုဂိုတာ ဧပြီ ၁၃

ကိုလံဘီယာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်သော ပိုင်လွန်ခေါ် ဓာတ်အားတိုင်ကြီးတစ်ခု ခိုးယူခြင်းခံရသဖြင့် နိုင်ငံမြောက်ပိုင်းရှိ မြို့ရှစ်မြို့၌ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားကြောင်း သက်ဆိုင်ရာ အရာရှိများက ယမန်နေ့က ပြောကြားကြသည်။

ဘိုလီဗာဒေနှင့် မင်ဒါလီနာဒေသအကြားရှိ စီမူကိုကျေးလက်အရပ်မှ ပိုင်လွန်ဓာတ်အားတိုင် အခိုးခံရခြင်းဖြစ်သည်ဟု အီလက်ထရီဖိကာဒိုရာဒီလာကော့စ်တာ လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ညွှန်ကြားရေးမှူး ကားလို့စ် ဒယ်လ်ဂါဒိုက ပြောကြားခြင်းဖြစ်သည်။

အဆိုပါအရပ်တွင် နေထိုင်သူအချို့သည်ပိုင်လွန်ဓာတ်အားတိုင်ကြီးများကို ခိုးယူကြပြီး သတ္တုများကို အလေးချိန်ဖြင့် ပြန်၍ရောင်းချတတ်ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာလှည့်ခရီးသည်များကိုဆွဲဆောင်ရန် ဆိုက်ပရပ်နှင့်ဂရိ ပူးတွဲမဟာဗျူဟာများ ချမှတ်မည်

အေသင် ဧပြီ ၁၃

တရုတ်နိုင်ငံအပါအဝင် ရပ်ဝေးနိုင်ငံများမှဖြစ်သော ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် ဆိုက်ပရပ်နှင့်ဂရိတို့သည် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း ပူးတွဲမဟာဗျူဟာများချမှတ်နိုင်ရန် ကြိုးပမ်းကြမည်ဖြစ်ကြောင်း ဆိုက်ပရပ်ခရီးသွားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဆိုက်ပရပ်ခရီးသွားလုပ်ငန်းအဖွဲ့နှင့်ဂရိခရီးသွားလုပ်ငန်းအဖွဲ့တို့သည် တရုတ်နိုင်ငံအပါအဝင် ရပ်ဝေးနိုင်ငံများမှဖြစ်သော ကမ္ဘာလှည့်ခရီးသွားများအတွက်ပူးတွဲအစီအစဉ်များရေးဆွဲချမှတ်လုပ်ဆောင်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း ဆိုက်ပရပ်ခရီးသွားလုပ်ငန်းအဖွဲ့ အကြီးအကဲဖိုးတစ်ဖိုးရှုပ်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဆိုက်ပရပ်နှင့် ဂရိတို့သည် ဘာသာရေးခရီးစဉ်၊ အနုပညာလေ့လာရေးခရီးစဉ်၊ပညာရေးခရီးစဉ်၊ခြေလျင်နှင့်တောင်တက်ခရီးစဉ်နှင့် ဂေါက်သီးရိုက်ခရီးစဉ်စသည့် ခရီးစဉ်အမျိုးမျိုးအတွက် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် ဗျူဟာများ ချမှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆိုက်ပရပ်ရှိ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံစီမံကိန်းများ၌ လုပ်ကိုင်နေကြသော ဂရိရင်းနှီးမြှုပ်နှံသူများသည် ဂေါက်သီးကစားနိုင်သည့်ကွင်းသစ်များ၊ လူ ၂၅၀၀ တက်ရောက်နိုင်သည့်ညီလာခံခန်းမနှင့် ကာစီနို လောင်းကစားခန်းတို့ တည်ဆောက်ရန် စိတ်ဝင်စားကြကြောင်း၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားက အရှေ့တီမောသို့ ရေနံရောင်းချရန် အလားအလာရှိ

ဂျကာတာ ဧပြီ ၁၃

အင်ဒိုနီးရှားအစိုးရသည် မကြာတော့သော အနာဂတ်ကာလမှစ၍ အိမ်နီးချင်း အရှေ့တီမောနိုင်ငံသို့ ရေနံများရောင်းချပေးရန် အစီအစဉ်ရှိကြောင်း သက်ဆိုင်ရာ အရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ရောင်းချပေး

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တီမောသို့ ရေနံများကို ကမ္ဘာ့ပေါက်ဈေးဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်း အင်ဒိုနီးရှား စွမ်းအင်နှင့်သဘာဝအရင်းအမြစ်ဝန်ကြီးဌာန၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန ညွှန်ကြားရေးမှူးချုပ် လင်အာရီဖင်တက်ရန်က ပြောကြားသည်။

ထိုသို့ရေနံရောင်းချရာတွင် ဩစတြေးလျနိုင်ငံကကျင့်သုံးသည့်နည်းတူ အပြည်ပြည်ဆိုင်ရာ ပေါက်ဈေး စံအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကမ်းလှမ်းထားသည်ဟု ဒီတီကွမ်းအင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားအစိုးရပိုင် ရေနံလုပ်ငန်းဖြစ်သော ပတာမီနာကုမ္ပဏီ၏ ရေနံပို့လွှတ်ပေးပို့ရာ ပန့်များ တီမောတွင် တည်ရှိပြီးသား ဖြစ်သည်။ ထိုကိရိယာများမှာ ၁၉၉၉ ခုနှစ်ကတည်းက တီမောက ဆက်ခံရရှိထားခြင်း ဖြစ်သည်။ အဆိုပါ ကိရိယာများကိုပင် အသုံးပြုပြီး အင်ဒိုနီးရှားနိုင်ငံမှ ရေနံများကို ပေးပို့သွားမည်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း မိုဆူးလ်မြို့တွင် ဧပြီ ၁၂ ရက်က ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရပြီးနောက် မီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

တရုတ်နိုင်ငံ ကျောက်မီးသွေးနှင့် သံရိုင်းတင်သွင်းမှု ၂၀၀၅ ခုနှစ် ပထမ လေးလကာလတွင် ပိုမိုလာ

ပေကျင်း ဧပြီ ၁၃

ယခု ၂၀၀၅ ခုနှစ် ပထမလေးလပတ်တွင် တရုတ်နိုင်ငံအတွင်းသို့ ကျောက်မီးသွေးတန်ချိန် ၅ ဒသမ ၄ သန်းနှင့် သံရိုင်းတန်ချိန် ၆၃ ဒသမ ၂၄ သန်းတင်သွင်းခဲ့သည်။ ထိုကိန်းဂဏန်းသည် ကျောက်မီးသွေးတင်သွင်းမှုတွင် ယခင်ကာလထက် ၅၈ ဒသမ ၈ ရာခိုင်နှုန်းပိုမိုလာပြီး သံရိုင်းတင်သွင်းမှုတွင် ၂၄ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်သည်ဟု ဗဟိုစီမံခန့်ခွဲရေးနှင့် အကောက်ခွန်ဌာန (ဂျီအေစီ)မှ ထုတ်ပြန်သောစာရင်းအင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကုန်ကြမ်းပစ္စည်းများကို တင်သွင်းရာ၌ ၃၀ ဒသမ ၉၄ ဘီလီယံဖိုးတင်သွင်းခဲ့ပြီး ယခင်ကထက် ၁၈ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုတင်သွင်းခြင်းဖြစ်သည်။ ပြည်ပမှ ကုန်စည်တင်သွင်းမှု အချိုးအစားကို လေ့လာလျှင် ကုန်ကြမ်းတင်သွင်းမှုသည် စုစုပေါင်း တင်သွင်းမှုတန်ဖိုး၏ ၁၉ ရာခိုင်နှုန်းအချိုးအစား ပါဝင်သည်။

ကျဆင်း

နိုင်ငံအတွင်းသို့ တင်သွင်းလာသော အခြားကုန်ကြမ်းများမှာလည်း လျော့ကျသွားသည်။ တရုတ်နိုင်ငံသည် ရေနံစိမ်း တင်သွင်းရာတွင် တန် ၂၉ ဒသမ ၆၄ သန်း၊ ဟင်းသီးဟင်းရွက်ဆီ တန် ၁ ဒသမ ၂၃ သန်းနှင့် ပဲပိစပ်တန် ၅ ဒသမ ၄၁ သန်း အသီးသီး တင်သွင်းခဲ့သည်။ ယခင်အချိန်ကနှင့်စာလျှင် ရေနံစိမ်းတင်သွင်းမှုမှာ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ ဟင်းရွက်ဆီမှာ ၂၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် ပဲပိစပ်မှာ သုည ဒသမ ၁ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားသည်။

တိုးတက်

တရုတ်နိုင်ငံသည် ပြည်ပမှစက်မှုထွက်ကုန်ပစ္စည်းတင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၃၈ ဘီလီယံဖိုးတင်သွင်းခဲ့သည်။ ဤနေရာတွင် စုစုပေါင်း တင်သွင်းမှုသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ လျှပ်စစ်အသုံးအဆောင်ပစ္စည်း တင်သွင်းမှု တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၅ ဒသမ ၅၂ ဘီလီယံဖိုးရှိပြီး ယခင်ကာလကထက် ၁၈ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်သည်။ စက်ပစ္စည်းအသုံးအဆောင်များ၏ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၅၂ ဘီလီယံဖိုးရှိပြီး ယခင်ကာလထက် ၄ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခြင်းဖြစ်သည်။

ယခုနှစ် ပထမလေးလပတ်ကာလ၌ မော်တော်ယာဉ်နှင့် သံမဏိတင်သွင်းမှုမှာ သိသိသာသာ ကျဆင်းသွားသည်။ ကားစီးရေ ၂၅၀၀၀ သာ တင်သွင်းခဲ့သည့်အတွက် ယခင်ကာလကထက် ၅၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ထို့အပြင် သံမဏိတင်သွင်းမှုမှာ တန် ၅ ဒသမ ၉၇ သန်း ရှိသည်ဖြစ်၍ ယခင်ကထက် ၄၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထောက်ခံမှုရရန် ဂျပန်ကြိုးပမ်း

ဒါကာ ဧပြီ ၁၃

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိရန် ဂျပန်နိုင်ငံက ကြိုးပမ်းရာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ထောက်ခံမှုပေးရန် မြို့တော်ဒါကာရှိ ဂျပန်သံအမတ်ကြီးက တိုက်တွန်းထားကြောင်း ဒေးလီးစတား သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ပတ်သက်နေသော ကိစ္စရပ်များနှင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကိစ္စတို့ကို ဆွေးနွေးကြစဉ်အတွင်း ဂျပန်သံအမတ်ကြီး မာဆုရှီရိုဟိုရီဂူချီက ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မိုရှေခန်အား တိုက်တွန်းလိုက်ခြင်းဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။

ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်တွင် ယင်းသို့ တိုက်တွန်းလိုက်ကြောင်း ဆွေးနွေးပွဲအပြီး နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ရေးသားဖော်ပြသည်။

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကိစ္စတွင် အာရှနိုင်ငံများအတွက် ညှိနှိုင်းရေးမှူး အခန်းကဏ္ဍကို ရယူထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကြားနေမှုရှိပြီး လွတ်လပ်သည့်ရပ်တည်ချက်ကို ကိုင်စွဲထားကြောင်း ဝန်ကြီး မိုရှေခန်က ပြောကြားသည်။

ဂျပန်နိုင်ငံသို့ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ခါလီဒါဇီယာ သွားရောက်သည့်ခရီးစဉ်နှင့်ပတ်သက်၍ သတင်းထောက်များက မေးမြန်းရာတွင် ဇူလိုင်လအစောပိုင်းနှင့် ဩဂုတ်လအစောပိုင်းကာလအတွင်း ယင်းခရီးစဉ် အကောင်အထည် ပေါ်လာနိုင်ကြောင်း မိုရှေခန်က ဖြေကြားသည်။ ခရီးစဉ်အတွက် ရက်သတ်မှတ်ချက်ကို သံတမန်ရေး လမ်းကြောင်းများအရ ညှိနှိုင်းရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်ပသို့ အီလက်ထရွန်းနစ်ပစ္စည်းများ တိုးမြှင့်တင်ပို့ရောင်းချနေသော စင်ကာပူနိုင်ငံရှိ အီလက်ထရွန်းနစ်ပစ္စည်းများ ရောင်းချသည့်ဆိုင်တစ်ဆိုင်ကို ဧပြီ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

မာဘတ်ချ်သွေးယိုစိမ့် အဖျားရောဂါ အင်ဂိုလာ၌ ပျံ့နှံ့ အကူအညီပေးရေး ကုလသမဂ္ဂ နှိုးဆော်

လူအန်ဒါ ဧပြီ ၁၃

အင်ဂိုလာနိုင်ငံမြောက်ဘက်ပိုင်းတွင် မာဘတ်ချ် သွေးယိုစိမ့်အဖျားရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးသူများပြားနေသည့်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့မှ အဆိုပါရောဂါနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြနေရကြောင်း ပြောရေးဆိုခွင့်ရှိသူများက သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အင်ဂိုလာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းတို့သည် ထိုရောဂါနှင့်ပတ်သက်၍ ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သော ကြာသပတေးနေ့က ၂၄ နာရီအတွင်းတွင် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၅ ဦးကျော်ရှိသည်။ ထိုရောဂါဖြစ်ပွားသူဦးရေအသစ်သည် ၁၉ ဦးထပ်မံတွေ့ရ၍ စုစုပေါင်း ရောဂါဖြစ်ပွားနေသူ ၂၀၀ ရှိကြောင်း သိရသည်။

အီဘိုလာရောဂါနှင့် မာဘတ်ချ် သွေးယိုစိမ့်အဖျားရောဂါဖြစ်ပွားပုံမှာ ရောဂါလက္ခဏာချင်းတူညီသည်။ ယူအီဂျီပြည်နယ် အနောက်မြောက်ဘက်တွင် မာဘတ်ချ် သွေးယိုစိမ့်အဖျားရောဂါဖြစ်ပွားမှု စတင်ခဲ့သည်။

ယင်းဒေသတွင် အဆိုပါ ရောဂါဖြစ်ပွားသူများသည် သေဆုံးနေကြရပြီး ယခုအခါ လူအန်ဒါမြို့တော်မှ အချို့ပင် ရောဂါဖြစ်ပွား၍ သေဆုံးရသူများတွင် ပါဝင်နေသည်ကို တွေ့ရသည်။

အိမ်နီးချင်း ဇာအီရီပြည်နယ်တွင် ကြာသပတေးနေ့က အဆိုပါရောဂါကြောင့် သေဆုံးသူငါးဦးရှိခဲ့ပြီဖြစ်သည်။

မာဘတ်ချ် သွေးယိုစိမ့်အဖျားရောဂါဖြစ်ပွားသူများသည် ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အော့အန်ခြင်းနှင့်သွေးဝမ်းလျှောခြင်းစသည့် ရောဂါလက္ခဏာများခံစားကြရသည်။ အဆိုပါရောဂါသည် ခန္ဓာကိုယ် အရည်ကြည်၊ သွေး၊ တံတွေးနှင့်သလိပ်စသည်တို့မှတစ်ဆင့် ပျံ့နှံ့ကူးစက်ခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ယူအီဂျီဒေသ၌ အဆိုပါရောဂါ ပထမဆုံးဖြစ်ပွားခဲ့ကြောင်းသိရသည်။ ထိုရောဂါကို အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့မှုမရှိစေရန် အရေးပေါ်ကာကွယ်ရေးများ လုပ်ဆောင်ထားကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူး အာနာမီအာဆာမိုအာဘတ်က သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆူမားတြားကျွန်းအနီး ပင်လယ်ပြင်တွင် ငလျင်ထပ်မံလှုပ်ပြန်

ဟောင်ကောင် ဧပြီ ၁၃

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနီးရှိ ပင်လယ်ပြင်တွင် အင်အားရစ်တာစကေး ၆ ဒသမ သုညရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားခဲ့သည်။

အဆိုပါ ငလျင်သည် တနင်္လာနေ့က ဟောင်ကောင် ဒေသစံတော်ချိန် နံနက် ၁း၃၀ နာရီတွင် လှုပ်သွားခဲ့သည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

ထိုငလျင်သည် ပန်ဒေါင်းဒေသ အနောက်တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာကို ဗဟိုပြု၍ လှုပ်သွားခဲ့သည်။ ငလျင်၏ ဗဟိုချက်သည် လောင်ဂျီတွဒ်အားဖြင့် အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၁ ဒသမ ၆ ဒီဂရီနေရာကို ဗဟိုပြုလှုပ်ခဲ့သည်ဟု ဟောင်ကောင် မြေငလျင်လေ့လာရေးအဖွဲ့က ပြောကြားသည်။

– စိုးရိမ်ထိတ်လန့် –

အဆိုပါ မြေငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ချက်ချင်းမသိသေးပေ။ ထိုမြေငလျင်လှုပ်သွားပြီးနောက် နောက်ဆက်တွဲငလျင်များလည်း လှုပ်ခဲ့သည်။ ထိုငလျင်မလှုပ်ခင် တနင်္ဂနွေနေ့တွင် ပီနန်အနောက်တောင်ဘက် ၁၀၉ ကီလိုမီတာအကွာအဝေးရှိ စီဘီရုတ်ကျွန်းအနီးတွင်လည်း ငလျင်လှုပ်ရှားသွားသေးသည်။ အဆိုပါ ငလျင်လှုပ်ရှားမှုကြောင့် ပန်ဒေါင်းမြို့အနီးရှိ ဒေသခံပြည်သူများအကြားတွင် စိုးရိမ်ထိတ်လန့်မှု ဖြစ်ပွားခဲ့ကြသည်။

– ပြိုပျက် –

မကြာသေးမီအချိန်က အိန္ဒိယသမုဒ္ဒရာအတွင်း၌ အင်အားပြင်းထန်သော ၈ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်သွားခဲ့သည်။ ထိုငလျင်၏ ဘူမိပြတ်ရွေ့ကြောင်းမှာ လွန်ခဲ့သော သီတင်းပတ်အကြာက ဖြစ်ပွားခဲ့သည့်ငလျင်၏ ပြတ်ရွေ့ကြောပင်ဖြစ်သည်ဟုဆိုသည်။ ထိုငလျင်လှုပ်သည့်အတွက် အင်ဒိုနီးရှားနိုင်ငံ နီအက်ကျွန်းတွင် အဆောက်အအုံများ ပြိုပျက်ခဲ့ပြီး လူ ၆၀၀ ကျော် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

သယံဇာတပစ္စည်းများပြည်ပသို့ ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းကို ဗီယက်နမ် ပိတ်ပင်

ဟန္နွိုင်း ဧပြီ ၁၃

ဗီယက်နမ်အစိုးရက နိုင်ငံမှ ထုတ်လုပ်သော တွင်းထွက်သယံဇာတပစ္စည်းများကို ကုန်ကြမ်းအနေအထားအတိုင်း ပြည်ပသို့ တင်ပို့ရောင်းချရန် ကန်ထရိုက်စာချုပ်ချုပ်ဆိုကာ တင်ပို့နေသော လုပ်ငန်းများကို ယာယီရပ်ဆိုင်းလိုက်ကြောင်း သိရသည်။

အထက်ပါအမိန့်ကို ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုအမိန့်သည် ရွှေ၊ ငွေ၊ ကျောက်မျက်ရိုင်းများ တူးဖော်ခွင့်နှင့် လုပ်ကိုင်ခွင့်လိုင်စင်ချပေးသည့်လုပ်ငန်းများနှင့် သက်ဆိုင်သည်။ သို့ရာတွင် ယင်းအမိန့်သည် အထူးကိစ္စရပ်များနှင့် သတ္တုရိုင်းမိုင်းများတွင်ရှိသည့် ထုတ်လုပ်သန့်စင်ပြီးသတ္တုများနှင့် သက်ဆိုင်ခြင်းမရှိဟု ဗီယက်နမ် သတင်းအေဂျင်စီက ဧပြီ ၇ ရက်တွင် ဖော်ပြခဲ့သည်။

တရားဝင် ကန်ထရိုက်စာချုပ်များအရ ပြည်ပသို့တင်ပို့မည့် သယံဇာတများကို ဆက်လက်ခွင့်ပြုပေးမည်ဖြစ်သော်လည်း မမှန်ကန်သော နည်းလမ်းများဖြင့် လိုင်စင်ရယူထားသည့်ကိစ္စများတွင် ခွင့်ပြုချက်များကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်သည်။ ထို့အပြင် လိုင်စင်ကို မမှန်မကန် နည်းလမ်းဖြင့် ရယူကာ လုပ်ငန်းလုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကိုလည်း ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ အမိန့်ကို သက်ဝင်လှုပ်ရှားစေရန်အတွက် ကြီးကြပ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာများနှင့် နယ်မြေစည်ပင်သာယာရေးတို့ ပါဝင်သော ကြီးကြပ်ရေးအဖွဲ့များ ပါဝင်သည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးထားသည်။ ထိုကော်မတီသည် သယံဇာတများ ရှာဖွေခြင်း၊ ပြုပြင်သန့်စင်ချက်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများကို ကြီးကြပ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံ ဟောဘောပြည်နယ်ရှိ အထည်စက်ရုံတစ်ရုံတွင် အထည်အလိပ်များ အရှည်အသွေး ကောင်း၊ မကောင်း၊ အနာအဆာ ပါ၊ မပါ စစ်ဆေးနေကြသည်ကို ဧပြီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်ကူးသင်္ကြန် အဓိဋ္ဌာန်

မောင်အောင်မြိုင်



၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

သင်္ကြန်ဟူသည် ပါဠိစကားသင်္ကန္တ၊ သက္ကတစကား သင်္ကြန္တမှ ဆင်းသက်လာသည်။ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါသည်။

မြန်မာလ ၁၂လရှိသည့်အနက် လတိုင်းတွင် ရာသီပွဲရှိသည်။ တန်ခူးလသည်နှစ်၏ပထမဆုံးလဖြစ်၍ သင်္ကြန်ပွဲကျင်းပသည်။ အခြားရာသီပွဲများတွင် တစ်ရက်သာ ကျင်းပကြသော်လည်း သင်္ကြန်ပွဲကိုမူ ငါးရက်ခန့် ကျင်းပကြသည်။ ကာလကြာရှည်ပျော်ရွှင်အားရစွာ ကျင်းပသော နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ အစဉ်အလာအရကျင်းပခဲ့သော မြန်မာ့ရိုးရာဓလေ့စရိုက်လက္ခဏာများမှာ ချစ်စရာလည်းကောင်း၊ လေးစားမြတ်နိုးဖွယ်ရာလည်း ဖြစ်သည့်အတွက် အဆိုပါဓလေ့စရိုက်များကို ခေတ်အဆက်ဆက် တည်တံ့ကြံ့ခိုင်နေစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နေကြခြင်းဖြစ်သည်။

နှစ်စဉ် သင်္ကြန်ရောက်တော့မည်ဆိုလျှင် အကြိုကာလများကတည်းက သင်္ကြန်တေးဂီတသံများကြားနေရသည်။ ခေတ်ဟောင်း၊ ခေတ်ပေါ်တေးဂီတသံ စုံနေသည်။ သင်္ကြန်ကာလတွင် အားရပါးရ ကလိုက်ကြမည်ဟု ယိမ်းတိုက်နေပုံများကလည်း နေရာအနှံ့တွေ့မြင်ရသည်။

တန်ခူးလတွင် ရာသီပန်းက ကံ့ကော်ပန်း၊ နက္ခတ်က စိတြကြယ်၊ ရာသီကမိဿရာသီဖြစ်သည်။ ပိတောက်ပန်းကလည်း သင်္ကြန်ကာလတွင်ပွင့်လေ့ရှိသည်။ တန်ခူးလနှင့် ပတ်သက်၍ စာဆိုတော် မဟာအတုလမင်းကြီးက **"နှစ်ဆန်းငယ်သင်္ကြန် သစ်သစ်သာဖန်တော့၊ နိုင်ငံကြော့ပြည်သူမှာ ပန်ဆုယူ တာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး"**ဟု ဖွဲ့ဆိုခဲ့သည်။

ပိတောက်ပန်းနှင့် ပတ်သက်၍ စာဆိုတော် စုန္ဒသာမြိုင်ဦးကြော့က **"တစ်နှစ်တွင်သည်တစ်လ၊ တစ်လတွင်တစ်ရက်၊ ခက်ခဲသည့်ရက်ဗုဒ္ဓါ၊ ပွင့်ရာကြစုံမြို့တွင်း"**ဟု ဖွဲ့ဆိုခဲ့သည်။ ပိတောက်ပန်းကို ပစ္စေကဗုဒ္ဓါများပင် ချွေးသိပ် အပန်းဖြေရသောပန်းဟု ဖွဲ့ဆိုခဲ့သည်။

နှစ်သစ်ကူးပွဲတော်မှာ လူမျိုးတိုင်းတွင်ရှိကြသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင်းပကြသည်။ အားလုံး ပျော်ကြသည်ချည်းဖြစ်သည်။ ကျွန်တော်တို့ မြန်မာ နှစ်သစ်ကူးပွဲတွင် အတာရေပက်ဖျန်းကြသည်။ ရေသည် ကြည်လင်အေးမြသည်။ အညစ်အကြေးကို ကင်းစင်စေသည်။ ရေကိုသားသော်အကြားမထင်သည့်သတ္တိရှိသည်။ ယင်းသဘာဝကိုယူ၍ မြန်မာတို့နှစ်သစ်ကူးရာတွင် တစ်ဦးကို တစ်ဦး ရေပက်ကစားကြသည်။ တစ်ဦးကိုတစ်ဦးက ကြည်လင်အေးမြစေလိုသည်။ အညစ်အကြေးကင်းစင်စေလိုသည်။ ညီရင်းအစ်ကို မောင်ရင်းနှမလို ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိစေလိုသည်။ ယင်းသို့ မွန်မြတ်သော ရည်ရွယ်ချက်တို့ဖြင့် ရေကိုအသုံးပြုကာ ပျော်ရွှင်စွာ နှစ်သစ်ကူးကြခြင်းဖြစ်သည်။

ယင်းသို့ ရေပက်ကစားကြရာတွင် အပျော်မလွန်မိဖို့ အရေးကြီးပါသည်။ ရှေးအခါက ပုဂံပြည်တွင် ရေပက်ကစားရာမှ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ရဖူးပုံကို ဖတ်ဖူးကြားဖူးကြပါလိမ့်မည်။ နရသီဟပတေ့မင်းက မိဖုရားစောလုံကို ရေပက်ကစားသည်။ စောလုံက မိမိအား လူပုံအလယ်တွင် အရှက်ရအောင် လုပ်သည်ဟု ခံယူသည်။ မင်းကြီး၏ပွဲတော်တွင် အဆိပ်ခတ်သည်။ မင်းကြီးက သိလိုက်၍ မိဖုရားစောလုံကို ကွပ်မျက်လိုက်သည်။

သင်္ကြန်အတက်နေ့သည် နှစ်သစ်ကူးသင်္ကြန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သည်။ ပျော်၍အားမရနိုင်သူတို့က ယင်းနေ့တွင် အားပါးတရပျော်ကြလိမ့်မည်။ သို့သော် ပျော်ရွှင်မှုကို စည်းလွတ်ဝါးလွတ်မဖြစ်စေဘဲ ဆင်ခြင်တုံတရားအထိန်းအကွပ်ဖြင့် ပျော်ကြစေချင်ပါသည်။

မြန်မာတို့သည် သင်္ကြန်ကာလ ရေကစားကြရာတွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျောင်းကန်ဘုရားသို့ သွားရောက်၍ ဥပုသ်သီလဆောက်တည်ကြမည့်သူများ၊ နာမကျန်းသူများကို ရေပက်ခြင်း မပြုကြရန်၊ သမီးမိန်းကလေးများအား ရေပက်လိုက မိန်းကလေး၏မိဘထံ ခွင့်ပန်ပြီးမှသာ ရေပက်ကြရန် ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုဆိုင်ရာ စည်းကမ်းအဖြစ် အစဉ်တစိုက် လိုက်နာစောင့်ထိန်းခဲ့ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့က သင်္ကြန်ကာလတွင် လိုက်နာရမည့်စည်းကမ်းများနှင့် နှိုးဆော်ချက်များကို ထုတ်ပြန်ကြေညာထားသည်။ အဆိုပါ ကြေညာချက်များတွင်-

- **မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။**
- **ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။**
- **အချင်းချင်း ဒဏ်ရာအနာတရ ဖြစ်စေပြီး အန္တရာယ် ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။**
- **တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုကြိုးပမ်းမှုများကို မပြုလုပ်ရန်**

ဟူသည့် အချက်များပါဝင်ပေသည်။

အဆိုပါ စည်းကမ်းသတ်မှတ်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ကိုယ်စီကိုယ်င လိုက်နာစောင့်ထိန်းခြင်းဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ကြမည်။ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်နိုင်ကြမည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့သင်္ကြန်ဖြင့် မြှင့်တင်နိုင်ကြမည်ဖြစ်ပါသည်။

ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရ၊ သင်္ကြန်ထုံးစံအရ သင်္ကြန်ကာလတွင် ရေကစားရုံသာမက သက်ကြီးဝါကြီးများကိုရေကန်တော့ခြင်း၊ ခြေသည်းလက်သည်းလှီးဖြတ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ဘုရားကျောင်းကန်များသို့သွားရောက်၍ ဘုရားဝန်းကျင်၊ ကျောင်းဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ဇီဝိတဒါနအဖြစ် သတ္တဝါများကို ဘေးမဲ့လွှတ်ပေးခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ လှူဒါန်းကျွေးမွေး၍ ဒါနပြုခြင်း လုပ်ငန်းများလည်း သိုက်သိုက်ဝန်းဝန်း ပြုကြပါသည်။ စိတ်လက်ပေါ့ပါးပျော်ရွှင်ခြင်းနှင့် တည်ငြိမ်အေးချမ်း အောင်လေ့ကျင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဒွန်တွဲ၍ ပြုလုပ်ကြပါသည်။

မည်သို့ရှိစေ၊ နှစ်သစ်ကူးသည့်အတာသင်္ကြန်ပွဲကို ကျွန်တော်တို့ ယဉ်ကျေးသိမ်မွေ့စွာ ဆင်နွှဲလေ့ ရှိကြပါသည်။ မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စည်းကမ်းသတ်မှတ်ချက်များ၊ မိမိတို့ မြန်မာများ၏ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနေထိုင်လိုသော ပင်ကိုစိတ်ထားဖြင့် သင်္ကြန်ကာလတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော လုပ်ရပ်များကို ရှောင်ရှားနိုင်ခဲ့ကြပါသည်။ ဂုဏ်ယူဖွယ်ရာ ဓလေ့စရိုက်ဖြစ်ပါသည်။

၁၃၆၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက် (ယခု ဧပြီလ ၁၇ ရက်) တနင်္ဂနွေနေ့တွင် နှစ်ဟောင်း ကုန်ဆုံးတော့မည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် အတိတ်က ဖြစ်ရပ်များကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်၍ အနာဂတ်ဖွံ့ဖြိုးရေးအတွက် ပစ္စုပ္ပန်တွင် အားပြည့်အင်ပြည့် ပြင်ဆင်ကြရပါမည်။ နှစ်ဟောင်းတွင် မိမိပြုကျင့်ခဲ့မိသော မကောင်းမှုများကို မကောင်းမှုဟု မြင်၍ ချန်ထားခဲ့ရန်၊ မှားခဲ့သည်များကို အမှန်ပြင်၍နှစ်သစ်သို့ စိတ်သစ်လူသစ်ဖြင့် ဆက်လက် လျှောက်လှမ်းကြရန်၊ နှစ်သစ်တွင် မိမိအတွက်လည်းကောင်း၊ မိမိ မိသားစုနှင့် မိမိပတ်ဝန်းကျင်အတွက်လည်းကောင်း၊ မိမိနိုင်ငံအတွက်လည်းကောင်း တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော၊ ချမ်းမြေ့သာယာသော အခြေအနေကောင်းများ သီးပွင့်ဝေဆာ လာအောင် တတ်စွမ်းသမျှ အားထည့်၍ကြိုးပမ်း ဆောင်ရွက်ကြမည်ဟု နှစ်ကူးသင်္ကြန် အဓိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ချမှတ်ဖော်ဆောင်ကြရန် တိုက်တွန်း ရေးသားလိုက်ပါသည်။ ။



မဟာသင်္ကြန်တွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာသင်္ကြန်
- **၈:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၉။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၀။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၀** ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၃၅** ၅။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၇။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Nature of Management (ဒုတိယနှစ်-စီးပွားရေး)**
- **၅:၃၀** ၈။ မြန်မာသင်္ကြန်
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း-၄၁)**
- **၆:၄၅** ၁၅။ **လျှပ်တစ်ပြက်ရိုက်ချက်**
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း-၁၂)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" (အပိုင်း-၁၃)**
  - ၂၁။ သင့်အတွက်မနက်ဖြန်
  - ၂၂။ အပိတ်နှုတ်ဆက်စကား
  - ၂၃။ ပြီးပါပြီ။

လှည့်လည်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး သိန်းနီမြို့နယ် ဆင်းရှွေလီအထူးအထွက်တိုးနွေစပါး စံပြကေ(၅၀) စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီနှင့် လားရှိုးမြို့နယ်များအတွင်း စိုက်ပျိုးရေးလုပ်ငန်းများလှည့်လည်စစ်ဆေး

ရန်ကုန် ဧပြီ ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၂ရက် နံနက်ပိုင်းက သိန်းနီမြို့အဝင် မြို့မကွင်းရှိ ဆင်းရှွေလီအထူးအထွက်တိုးတစ်ဧက တင်း၂၀၀ စံပြဧက ၅၀စိုက်ခင်းသို့ရောက်ရှိရာ စိုက်ခင်းရှင်းလင်းဆောင်တွင် သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးက သိန်းနီတပ်နယ်အတွင်း နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များ၏ ဆင်းရှွေလီအထူးအထွက်တိုး နွေစပါးစံပြဧက ၅၀၀ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်နှင့် တာဝန်ရှိသူများက သိန်းနီမြို့နယ်အတွင်း ဆင်းရှွေလီ အထူးအထွက်တိုး နွေစပါး၂၅၃၂ဧက စိုက်ပျိုးထားရှိမှုနှင့် ဒေသဝမ်းစာ ဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အထူးအထွက်တိုးစပါးများသာမက ဒေသနှင့်ကိုက်ညီသည့် သီးနှံများအတွက်နှုန်းတိုးအောင် တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ ဆင်းရှွေလီ အထူးအထွက်တိုး နွေစပါး စံပြဧက၅၀စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ဟိုပိတ်ကျေးရွာရှိ နယ်မြေခံ တပ်ရင်း၊တပ်ဖွဲ့များ၏ အောင်ချမ်းသာဆည်ရေသောက် ဆင်းရှွေလီအထူးအထွက်ကောင်း နွေစပါးစံပြဧက ၁၀၀ စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရုပ်ပုံဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နွေစပါးများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေးနှင့် ဒေသခံတောင်သူများသို့ စိုက်ပျိုးရေးအသိပညာများ ဖြန့်ဖြူးပေးရေးမှာကြားကာ နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အတွက် ကုန်းမြင့်ယာမြေ အမှတ်(၁)ဧက ၁၀၀၀မျိုးစေ့ထုတ် ဇုန်အတွင်းရှိ ဆင်းရတနာ အထူးအထွက်ကောင်း စပါးမျိုးစေ့ထုတ် စံပြငါးဧကစိုက်ခင်းသို့ရောက်ရှိရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယပြည်နယ်မန်နေဂျာ ဦးကျော်ရွှေတို့က စိုက်ခင်းအတွင်း အထူးအထွက်ကောင်း နွေစပါးများ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း နွေစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် မျိုးစေ့ထုတ်ဇုန်အတွင်း လာမည့် မိုးရာသီတွင် အစေ့ထုတ်ပြောင်း ဧက ၃၀၀ စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှု နှစ်ရှည် မက္ကဒေးမီးယားပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ အစေ့ထုတ်ပြောင်းများ သုတေသန စိုက်ပျိုးထားရှိမှု၊ မက္ကဒေးမီးယားပင်၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် ပျိုးဥယျာဉ်အတွင်း မက္ကဒေးမီးယား ပျိုးပင်များစနစ်တကျ ပျိုးထောင်ထားရှိမှု၊ ရေကန်(၁၀)ဆင့် တူးဖော်၍ ရေကန်များအတွင်း ရွှေဝါငါးကြင်း၊ တီလားဗီးယားနှင့် ငါးခုံးမငါးများ မွေးမြူထားရှိမှုနှင့် ဟင်းသီးဟင်းရွက် ပဒေသာစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရှွေလီအထူးအထွက်ကောင်း စပါးနှင့်အရည်အသွေးကောင်း ဆင်းရှွေလီမွှေး(ဆန်မွှေး) နွေစပါး စိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်က ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံမှု အခြေအနေနှင့် အထူးအထွက်တိုး စပ်မျိုးစပါးများ စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် နွေစပါးစိုက်ခင်းအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ အထူးအထွက်တိုး ဆင်းရှွေလီ နေကြာမျိုးစေ့စိုက်ခင်းသို့လည်းကောင်း၊ နယ်မြေခံတပ်ရင်း၏ ဆင်းရှွေလီ အထူးအထွက်ကောင်း စံပြစိုက်ခင်းသို့လည်းကောင်း၊တိုင်းစစ်ဌာနချုပ် စခန်းရုံး မိသားစုဝင်များ၏ နှစ်ရှည်ပင်နှင့် ရာသီသီးနှံ စံပြဧက ၁၀၀ စိုက်ခင်းရှိ ဆင်းရှွေလီ မျိုးစေ့ဥယျာဉ်သို့လည်းကောင်း၊ စံပြနှစ်ရှည် ဆင်းရှွေလီလိုက်ချီးအပင် ၁၀၀၀နှင့် သီးညှပ်နေကြာမျိုးစေ့ စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် အင်္ဂလန်နှစ်သင်း ဆုံတွေ့မည်

တူရင် ဧပြီ ၁၄

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် အီတလီနိုင်ငံ တူရင်မြို့တွင် ဗုဒ္ဓဟူးနေ့က လီဗာပူးနှင့် ဂျူဗင်တပ်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိ သရေကျခဲ့ကြပြီး လီဗာပူးက နှစ်ပွဲပေါင်းဂိုး(၂-၁)ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

ဥရောပချန်ပီယံဟောင်း လီဗာပူးနည်းတူပင် အကြိုဗိုလ်လုပွဲသို့ တက်ခွင့်ရသော အခြားအသင်းတစ်သင်းမှာ ဟော်လန်ထိပ်သီး ပီအက်စ်ဗွီအသင်းဖြစ်သည်။ နယ်သာလန်နိုင်ငံ အိန်းဟက်ဗင်မြို့တွင် လိုင်ယွန်အသင်းနှင့် ဗုဒ္ဓဟူးနေ့က ကစားခဲ့ကြရာတွင် တစ်ဂိုးစီဖြင့်သရေကျခဲ့ရာ အချိန်ပိုဆက်လက် ကစားကြရပြီး အချိန်ပိုတွင်လည်း မည်သည့်အသင်းကမျှ ဂိုးသွင်းနိုင်ခြင်း မရှိ၍ ပိုင်နယ်တီဖြင့် ဆုံးဖြတ်ရာ၌ ပီအက်စ်ဗွီက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါအသင်းနှစ်သင်းသည် လွန်ခဲ့သည့်ရက်သတ္တပတ်က ပြင်သစ်တွင် ပထမအကျော့ကစားခဲ့ကြစဉ်ကလည်း တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ ၁၉၈၈ ခုနှစ်တွင် ဥရောပချန်ပီယံဖြစ်ခဲ့သော ပီအက်စ်ဗွီအသင်းသည် အကြိုဗိုလ်လုပွဲတွင် အေစီမီလန်အသင်းနှင့်ကစားရန် သေချာသလောက် နီးပါးရှိနေသည်။

၁၉၇၇ခုနှစ်နှင့် ၁၉၈၄ခုနှစ်အကြားကာလတွင် ချန်ပီယံဖလား လေးကြိမ်ရခဲ့ဖူးသော လီဗာပူးအသင်းသည် အကြိုဗိုလ်လုပွဲတွင် ချဲလ်ဆီးအသင်းနှင့်တွေ့ဆုံမည်ဖြစ်သည်။ ချဲယ်လ်ဆီးအသင်းသည် အင်္ဂါနေ့က ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးသော်လည်း နှစ်ပွဲပေါင်းဂိုး (၆-၅)ဖြင့် အနိုင်ရရှိခဲ့ကာ အကြိုဗိုလ်လုပွဲသို့တက်လာနိုင်သည်။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် အင်္ဂလန်အသင်းနှစ်သင်း တွေ့ဆုံခြင်းမှာ နှစ်ပေါင်း၅၀ကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

အေစီမီလန်နှင့်အင်တာမီလန်တို့၏ ကွာတားဒုတိယအကျော့ပွဲကို အင်္ဂါနေ့ညက ကျင်းပခဲ့ရာတွင် ပွဲချိန် ၇၁မိနစ်၌ အေစီမီလန်အသင်းက ရှက်ဗ်ချင်ကိုသွင်းသောတစ်ဂိုးဖြင့် အနိုင်ရရှိနေရာမှ ပရိသတ်ကြောင့်ပွဲပြီးရန် မိနစ်အနည်းငယ်အလိုတွင် ဂျာမန်ဒိုင်လူကြီး မာကပ်စ်မာ့ခ်က ပွဲကိုရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်က နှစ်ပွဲပေါင်းဂိုး (၃-၀)ဖြင့် အနိုင်ရသည်ဟု ယူဆရသည်။ သို့ရာတွင် ယူအီးအက်ဖ်အေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ သောကြာနေ့ အစည်းအဝေးတွင် ပွဲရလဒ်ကို တရားဝင်ထုတ်ပြန်ကြေညာရန် မျှော်လင့်ရသည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပွဲစဉ်ကို ဧပြီ ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကစားရမည်ဖြစ်ပြီး မေ ၃ရက်နှင့် ၄ရက်တွင် ဒုတိယအကျော့ ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲကို မေ ၂၅ရက်တွင် အစ္စတန်ဘူလ်၌ ကျင်းပမည် ဖြစ်သည်။

ရိုက်တာ။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲတွင် ဂျူဗင်တပ်စ် နောက်ခံလူ ဖာဘီယိုကန်နာဗာရို(ယာ)ထံမှ ဘောလုံးကိုရရှိရန် လီဗာပူး ရှေ့တန်းလူ မီလန်ဘရို့စ်(ဝဲ) ကြိုးပမ်းစဉ်။ *အင်တာနက်။*

ဧပြီ ၁၂ရက်မှ ၁၄ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပသည့် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အာဆီယံ အင်ဂျင်နီယာနှင့်နည်းပညာ အကယ်ဒမီ တတိယအကြိမ် အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်တို့ ဧပြီ ၁၁ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

✧ **ကျောဖုံးမှ**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်သည်နှင့် အနုပညာဦးစီးဌာန မန္တလေးဌာနခွဲမှ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်ယွမ်းပြီး မဏ္ဍပ်ရှေ့ရှိ တူညီဝတ်စုံဝတ် ကျောင်းသူလေးများက မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား မန္တလေးမြို့တော်ဝန်က မြန်မာ့ရိုးရာအစဉ်အလာနှင့် အညီ နံ့သာရည်များ လိုက်လံပက်ဖျန်းသည်။

ဆက်လက်၍ မန်းစည်ပင်တေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ မန်းစည်ပင် ယိမ်းအကအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများက ခါသင်္ကြန်တေးများကိုသီဆို၍ ကပြဖျော်ဖြေကြသည်။

ထို့နောက် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သင်္ကြန်အလှပြယာဉ်များက မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှဖြတ်သန်းဂါရဝပြုကြရာ ရှေးဦးစွာ မြို့မတူရိယာအဖွဲ့ အလှပြယာဉ်က ဖြတ်သန်းဂါရဝပြု နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံကိုယ်စားပြုအလှပြယာဉ်၊ ထိုင်းနိုင်ငံ ကိုယ်စားပြုအလှပြယာဉ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကိုယ်စားပြုအလှပြယာဉ်တို့က ဖြတ်သန်းဂါရဝပြု နှုတ်ဆက်ကြသည်။

ထို့နောက် မန္တလေးခရိုင်ကိုယ်စားပြု မြနန်းမန္တလာ အလှပြယာဉ်၊ မိတ္ထီလာခရိုင်ကိုယ်စားပြု ထီလာမေအလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု ပန်းမြို့တော် အလှပြယာဉ်၊ ညောင်ဦးခရိုင်ကိုယ်စားပြု ပုဂံရွှေပြည်အလှပြယာဉ်၊ ကျောက်ဆည်ခရိုင်ကိုယ်စားပြု ကင်းတားရွှေပြည်အလှပြယာဉ်တို့က မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြု နှုတ်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ သံအမတ်ကြီးများ၊ သံတမန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး အတာရေများ အပြန်အလှန် ပက်ဖျန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဖွင့်ပွဲအခမ်းအနားသို့ ပျော်ရွှင်စွာတက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေယာဉ်ဖြင့်ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နှုတ်ခွန်းဆက်

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မဟာသင်္ကြန် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

၁၃၆၆ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲနှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည့် ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များ၊ ရန်ကုန်မြို့မှ သံအမတ်ကြီးများနှင့် သံတမန်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ဧပြီ ၉ရက်က ကျောက်တံတားမြို့နယ် အထက(၁)တွင် ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းသွင်က အဋ္ဌမတန်းမှ ကျောင်းသား မောင်စောစိုင်းဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

ငါးထပ်ကြီးဘုရား သင်္ကြန်ရက်အတွင်း တရားပွဲ

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး ကျောင်းတိုက် နာယကချုပ်ဆရာတော်ဘဒ္ဒန္တဝါယမ သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက (ဓမ္မကထိကဗဟုဇန ဟိတရေ)အရှင်မြတ်သည် ဗဟန်းမြို့နယ် မဟာသင်္ကြန အတုလမာန်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတော်ကြီးအတွင်း ၁၃၆၆ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်၊ သင်္ကြန်အကျနေ့မှ စ၍ ဦးတန်ခူးလဆန်း ၉ ရက် နှစ်ဆန်း ၁ ရက်အထိ လေးရက်တိုင်တိုင် မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားလျက်ရှိသည်။ (က-ပ)

ပိတောက်အားမာန် ခါသင်္ကြန်

☆ သံသာဝေ ကဗျာတွေညွှန်းကာကွဲ့
ထံတျာခြွေ သဟာဆွေခွန်းဖွာလို့
သင်္ကြန်ခါလေ တာရေသွန်းပါပေါ့
မြန်မာပြေ(ပြည်)တစ်ဝန်းသာလှသည်..။

☆ နေအပူ ရဲချင်ရဲ
လေအပူ သဲချင်သဲ
နွေအပူ ကဲချင်ကဲပေရော့
မာန်ဖွဲ့ကို ဘယ်မလျှော့လေဘဲ
ခေါင်းမော့ကာ ရင်ဆိုင်လို့
လောကဓံ ခံနိုင်စွမ်းလေတော့
ဆန်းသလောက်ကွယ် သိန်သရေဝင့်
လမ်းတစ်လျှောက်ဝယ် စိန်ရွှေဆင့်
ပန်းပိတောက်ရယ် ထိန်ဝေတင့်
ကြွားဝင့်ခဲ့ပြီ။

☆ ဩော်...တစ်နှစ်တစ်ခါပေါ့
အချစ်သဒ္ဓါ မပျက်ကျော်လွှားခဲ့လေတဲ့
သစ္စာဘက်တော်သားပေမို့
ပန်းများအလယ် ထိန်ထိန်တောက်ရော့ထင့်
ပိတောက်ဟာ မြန်မာလူမျိုးတို့ရဲ့
"မညှိုးတဲ့ ဇာတိမာန်
အညံ့မခံတဲ့ သတ္တိဖွဲ့
မလှဲအလံ အောင်အတိတ်ရယ်နဲ့
အောင်စိတ်ကို လှစ်ဖော်ကျူးသည်မို့"
နှစ်ဦးမွန် အလှဆန်းလေတဲ့
မြန်မာ့ပန်းလို့ခေါ်ထိုက်သည်
ဆင်းသီဂီ ရွှေရည်ပျို့။

☆ ပိတောက်ပန်း ပမာလေ
လျှောက်လှမ်းကာ အားမာန်ပြပါလို့
အလှအယဉ်တွေ အစဉ်ခြွေသွားလျှင်ဖြင့်
မြန်မာ့အပြင်
ကမ္ဘာ့တစ်ခွင် အဆင်ပြေသွားမယ်လို့
ဒို့များဆိုချင်ပါရဲ့
ကဲ...လာလေ သဟာဆွေတစ်စုတို့ရဲ့
ရွှဲပါစေ အတာရေမှုပါနဲ့
သူ့ရင်ကို အေးစေကြောင်း
ကိုယ့်ရင်ကို အေးစေကြောင်း
နှစ်ဟောင်းခါ အညစ်အကြေးကိုဖြင့်
နှစ်သစ်ခါ အသစ်အတွေး ရယ်နဲ့
ဆေးကြောကာ အတာပွဲကို
နွှဲလိုက်ကြစို့။ ။

မြင်းမူမောင်နိုင်မိုး

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ၁၃၆၆-၆၇ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ရေကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

❍ နိုင်ငံတော်ဝန်ကြီးချုပ်မှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ သံရုံးမိသားစုများသည် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် အတာရေများ ပက်ဖျန်းကြကာ ပါဝင်ဆင်နွှဲကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ၂၀၀၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ကချင်ပြည်နယ်ဆဒုံး၊ ကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်၊ လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်းလေရှီး၊ ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မန်တုံဒေသမှ ပလောင် တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသမှတိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သည့် နယ်စပ်ဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ပူတာအို၊ဒေါ့ဖုန်းယန်၊ ဒွန်ဘန်ဒေသနှင့်စစ်ကိုင်းတိုင်း လေရှီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှသင်တန်းသူများက ကြိုဆိုကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ သံတမန်များနှင့်စစ်သံမှူးမိသားစုများကရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဧည့်ခန်းမ၌ တိုင်းရင်းသား တိုင်းရင်းသူများက မဟာသင်္ကြန်အဆို၊အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ လူငယ်ဆိုင်းအဖွဲ့က ပဏာမဧည့်ခံတေးသွားဖြင့် လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ သမီးပျိုများက ရွှေဝါဖူး သင်္ကြန်တေးအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသူများပါဝင်သည့် သင်္ကြန်ယိမ်းအဖွဲ့က ပြည်ထောင်စုကြီး အေးချမ်းပါစေ တေးသီချင်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း လေရှီး၊ ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်၊ လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာ ဒေသမှ မွန်တိုင်းရင်းသူများပါဝင်သည့် သင်္ကြန်ယိမ်းအဖွဲ့က တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ တေးသီချင်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မန်တုံဒေသမှ ပလောင် တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသူများ၊ ကချင်ပြည်နယ်ဆဒုံး၊ ကန်ပိုက်တီး ဒေသမှ ကချင်တိုင်းရင်းသူများပါဝင်သည့် သင်္ကြန်ယိမ်းအဖွဲ့က ရိုးရာအလှမြန်မာ့သင်္ကြန်တေးသီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့က ဖျော်ဖြေတင်ဆက်ကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့များအားဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မဟာသင်္ကြန်ယိမ်းအဖွဲ့ တိုင်းရင်းသူများအားလုံးက မန်းတောင်ရိပ်ခို သင်္ကြန်တေးသီချင်းကို သံပြိုင်သီဆိုကပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ အတာရေပက်ဖျန်းကြပြီးတိုင်းရင်းသား၊တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့အား ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများက အတာရေများပက်ဖျန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မိသားစု မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသူလေးများ၏ မဟာသင်္ကြန်အကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန မိသားစု မဟာသင်္ကြန်မဏ္ဍပ်တွင် တိုင်းရင်းသား၊တိုင်းရင်းသူများအား အတာရေပက်ဖျန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၄-၂၀၀၅ (သောကြာနေ့)

(သင်္ကြန်အကြတ်နေ့)

၁၃၆၆ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ခါသင်္ကြန်အဆို၊အကများ
- ၈:၁၅ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ ခါသင်္ကြန်အဆို၊အကများ
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ ခါသင်္ကြန်အဆို၊အကများ
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
- ၅:၀၀။ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၁၅ ၆။ နည်းမှန်စနစ်မှန်မှန် အားကစားအခြေခံ
- ၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၅ ၈။ ခါသင်္ကြန်အဆို၊အကများ
- ၆:၀၀ ၉။ Discovery.
- ၆:၁၅ ၁၀။ ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ ခါသင်္ကြန်အဆို၊အကများ
- ၇:၂၀ ၁၄။ နှောင်းခေတ်တေးပဒေသာ
- ၇:၃၅ ၁၅။ ခါသင်္ကြန်အဆို၊အကများ
- ၇:၄၅ ၁၆။ စိုက်ပျိုးအောင်မြင်စပျစ်ပင် (အပိုင်း-၁)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာရုပ်ရှင် “ဓာတ်ခဲ”(အပိုင်း-၁) (ဗျိုက်၊ဥက္ကာ၊မိုးဒီ၊ ဆုပန်ထွာ၊ခင်မို့မို့အေး) [ဒါရိုက်တာ-မောင်ဝဏ္ဏ]**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ စူဠာမုနိ လောကချမ်းသာ စေတီတော် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်း စာ-၃)

(သတင်းစဉ်)

မြန်မာနှစ်ဆန်း ၁ရက်နေ့ ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း (လေးဒေါင့်ကန်စခန်း)နှင့် (လှော်ကားစခန်း)တို့က ဧပြီ၁၇ရက် မြန်မာနှစ်ဆန်း ၁ရက်တွင် ပြည်သူများ ဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ကမ္ဘာအေးကုန်းမြေ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ် သာဓုကန်ဘုရားနှင့် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား (သွေးဆေးကန်)တို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားဗီးယား စသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါငါးသားပေါက်များကို ကောင်ရေ ၁၀၀၀ နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆ နှင့် ၆၃၅၇၂၇ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။ (သတင်းစဉ်)

○ **ရွှေဖုံးမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ မိသားစုများ တက်ရောက်ဆင်နွှဲကြသည်။

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နံနက် ၉နာရီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ၁၃၆၆-၆၇ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မိနစ် ၂၀တွင် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ကြိုဆိုကြသည်။

နှုတ်ဆက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရင်းရင်းနှီးနှီး လာရောက်နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဧည့်ခံဖျော်ဖြေကြမည့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့် အေဝမ်းစိုးမြင့် တူရိယာအဖွဲ့မှ ဂီတပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော်ကြီးများ၊ သံအမတ်ကြီးများနှင့် စစ်သံမှူးများအား အေဝမ်းစိုးမြင့် ခေတ်ပေါ်တူရိယာအဖွဲ့နှင့်တွဲဖက်၍ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်တေးသံသာများနှင့် အကများဖြင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် မိသားစုများက တေးသံသာများနှင့် အကများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဧည့်သည်တော်ကြီးများ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ မိသားစုများသည် ကာကွယ်ရေးဝန်ကြီးဌာန မိသားစုများနှင့်အတူ အတာရေများ အပြန်အလှန်ပက်ဖျန်းကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ဆင်နွှဲကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ကူညီတီးခတ်ပေးသော အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ရာ တေးဂီတအဖွဲ့ခေါင်းဆောင် အေဝမ်းစိုးမြင့်က လက်ခံယူသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်ခံဖျော်ဖြေသီဆိုပေးကြသော ဂီတအနုပညာရှင်များအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်ခံဖျော်ဖြေသီဆိုကပြကြသော ရုပ်ရှင် အနုပညာရှင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူ အသီးသီးတို့က လက်ခံယူကြသည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ဧည့်သည်တော်ကြီးများ၊ စစ်သံမှူးများနှင့် မိသားစုများအား မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံကြပြီး ကာကွယ်ရေးဝန်ကြီးဌာန မိသားစု၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန်တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ၅၄/က ရာဇသင်္ကြန်လမ်း၊ လမုတန်းရပ် ဒေါပုံနေ ဦးမောင်ထွန်း-ဒေါ်မြင့်အေး၊ သား ကိုခင်ဇော်-သမီး မခင်စိုးမြင့်၊ သား ကိုလွင်မျိုးအောင်မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ၁၃၆၆-၆၇ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့တက်ရောက်ပြီး သံတမန်များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့အား ၁၃၆၆-၆၇ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၄-၂၀၀၅ (သောကြာနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်	၉း၂၅	နဂါးရေလှောင်တမံ
၇း၀၅	တေးဂီတအစီအစဉ်	၉း၃၀	နိုင်ငံတကာသတင်း
၇း၁၀	ဝေဠုဝန်ခေါ်ရုပ်ပွားတော်ထင်ပေါ်ကျော်ကြားစစ်ကိုင်းငါးထပ်ကြီးဘုရား	၉း၃၅	မိုးလေဝသခန့်မှန်းချက်
		၉း၄၀	ခါသင်္ကြန်အဆိုအက
		၉း၄၅	ဆန်းသစ်လာသော မြန်မာ့ချည်ထည်ဒီဇိုင်းများ
၇း၂၅	နိုင်ငံတကာသတင်း		
၇း၃၀	ခါသင်္ကြန်အဆိုအက	၉း၅၀	Learning English
၇း၃၅	Myanmar Golf Tour 2004	၁၀း၀၀	ပြည်တွင်းသတင်း
		၁၀း၀၅	မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်းအကြောင်း သိကောင်းစရာ
၈း၁၅	ခါသင်္ကြန်အဆိုအက		
၈း၂၀	ဆီစားသုံးခြင်းနှင့် ဝဖြိုးမှုအန္တရာယ်	၁၀း၁၅	ခါသင်္ကြန်အဆိုအက
၈း၂၅	ခါသင်္ကြန်အဆိုအက	၁၀း၂၀	မြန်မာ-ဂျပန်ရိုးရာ လက်ဝှေ့ပွဲ
၈း၃၀	ပြည်တွင်းသတင်း		
၈း၃၅	အေးချမ်းဝေစည် ကွမ်းလုံဒေသဆီ	၁၁း၀၀	အပိတ်
၈း၅၀	ခါသင်္ကြန်အဆိုအက		
၈း၅၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ		
၉း၂၀	ခါသင်္ကြန်အဆိုအက		

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(မန္တလေး) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၄

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(မန္တလေး)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ရက် ညနေ ၅နာရီခွဲတွင် မန္တလေးမြို့ ကျုံးရှေ့ ၆၆လမ်းနှင့် ၂၄လမ်းထောင့် အင်းဝဟိုတယ်ရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းဝန်ကြီး Mr. Lay Prohas ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး Mr. Meng Biguang ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အိမ်နီးချင်းနိုင်ငံများမှ သံအမတ်ကြီးများနှင့် သံတမန်များ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အိမ်နီးချင်းနိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များက ကျေးဇူးတင်စကား ပြောကြားကြသည်။

နံ့သာရေပက်ဖျန်း

ထို့နောက် ဝန်ကြီး၊ မြို့တော်ဝန်နှင့် အဆိုပါ ကိုယ်စားလှယ်ခေါင်းဆောင်တို့က မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ခိုနှင့် စာကလေးများလွှတ်ခြင်း၊ ဆည့်သည်တော်များ အပြန်အလှန် နံ့သာရေ ပက်ဖျန်းခြင်းနှင့် ကျောင်းသူကလေးများက သီဆိုကပြ ဖျော်ဖြေခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲကျင်းပနေစဉ်အတွင်း အလှပြယာဉ်များက မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်း၍ အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း၏ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(မန္တလေး)ဖွင့်ပွဲ အခမ်းအနားကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ အိမ်နီးချင်းနိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မွန်ပြည်နယ် ပေါင်မြို့နယ်တွင် တည်ဆောက်နေသည့် ကတိုက်ရေလှောင်တမံစီမံကိန်း၏ ပင်မတမံနှင့် ရေထုတ်ပြွန် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

မွန်ပြည်နယ်ရှိ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဧပြီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၀ ရက် နံနက်တွင် ပဲခူးမြို့နယ် (၁၀)မိုင်ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပျိုးဥယျာဉ်ခြံတွင် ကိုင်းကူးကိုင်းဆက် သရက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများအား ကုန်ကျစရိတ် သက်သာပြီး ဝင်ငွေအမြတ်များများရရှိမည့် ဥယျာဉ်ခြံလုပ်ငန်းများ ဒေသအတွင်း စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးနည်းပညာ ကူညီပံ့ပိုးရန် မှာကြားခဲ့သည်။

တနော်တမံ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်စစ်တောင်းစက္ကူစက်ရုံအနီး၌ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်မည့် တနော်ရေလှောင်တမံ စီမံကိန်းနေရာ ရွေးချယ်ထားမှုကိုကြည့်ရှုစစ်ဆေးရာဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးခင်မောင်ယုက တနော်ချောင်းပေါ်တွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ပေ ၁၆၈၀၀ သိုလှောင်နိုင်မည့် မြေသားတမံနှင့် ရေပိုလွှဲ တည်ဆောက်မည့် လုပ်ငန်း၊ တစ်ဆင့်တင် ရေတင်စက်ရုံမှ ရေသွယ်မြောင်းဖြင့် ရေစစ်ရေစုကန် ရေပေးမည့် လုပ်ငန်းများ၊ ပင်မတမံအမျိုးအစားများကို ဒီဇိုင်းပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် တနော်ရေလှောင်တမံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းအကြိုလုပ်ငန်းများ ဆောင်ရွက်ရေး၊ လုပ်ငန်းစတင်ရန် တည်ဆောက်ရေးသုံးပစ္စည်းများစုဆောင်းရေး၊ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ်တွင် ကတိုက်ချောင်းပေါ်၌ တည်ဆောက်နေသည့် ကတိုက်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက လုပ်ငန်းများ သေသပ်ခိုင်ခံ့မှုရှိရေး၊ စက်သုံးဆီချွေတာရေး၊ သတ်မှတ်အချိန် ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ပြသရှင်းလင်း

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ပြသရှင်းလင်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မတမံ မြေဖို့လုပ်ငန်းတွင် ပြီးစီးသောအပိုင်းနှင့် ဆက်လက်၍ သတ်မှတ်အမြင့် RLရောက်ရှိရန် စက်ယန္တရားများဖြင့် မြေသယ်၊ မြေကြိုးဖို့၊ ရေဖျန်း၊ မြေကြိတ်လုပ်ငန်းများကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ရေထိန်းတံခါး

ထို့နောက် ဝန်ကြီးသည် ပေါင်မြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်နေသည့် ရင်းငြိမ်ရေထိန်းတံခါးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး ဦးလှမြင့်က လုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကွန်ကရစ် ရေထိန်းတံခါး အောက်ခြေပိုင်း တည်ဆောက်ထားမှု ၆ပေ x ၁၆ပေ ရေတံခါးပေါက် စုစုပေါင်း ၄၀ တပ်ဆင်ရန် ဆက်လက်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရင်းငြိမ် ရေထိန်းတံခါးသည် ဧက ၂၀၀၀၀ အကျိုးပြုမည်ဖြစ်ပြီး ပေါင်မြို့နယ်အတွင်းရှိ ရေကြီးရေလွှမ်းကွင်းများ ပြင်ပမြစ်ရေမဝင်ရန် ရင်းငြိမ်ချောင်းပေါ်၌ တည်ဆောက်သည့် ရေတံခါး အရွယ်အစား မြင့်မားသော ရေထိန်းတံခါးဖြစ်သည့်အပြင် သထုံခရိုင်အတွင်း တည်ဆောက်ပြီး တည်ဆောက်ဆဲ ကျုံထော်ရေထိန်းတံခါး၊ ကတိုက်ရေလှောင်တမံနှင့် တစ်ဆက်တစ်စပ်တည်း အကျိုးပြုမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

လက်တွေ့ဆောင်ရွက်

ညနေပိုင်းတွင် ဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအနီးရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသို့ ရောက်ရှိပြီး ရော်ဘာနှင့် ဆီအုန်း သုတေသနလုပ်ငန်းများ၊ ရော်ဘာကိုင်းဆက်မျိုးပွားမှု၊ ရော်ဘာအဖူးကူးမျိုး ငုတ်ပင်ထုပ်ပိုးသယ်ယူမှု၊ ဆီသပြေ၊ သီဟိုဠ်သရက်၊ ရွှေကွမ်းသီးပင် သုတေသနလုပ်ငန်းများ၊ ဆီအုန်းစပ်မျိုးထုတ်လုပ်မှု၊ မှိုစေ့အစို့ဖောက်စေ့များဖြင့် သယ်ပို့နိုင်မှုတို့ကို ဒုတိယအထွေထွေမန်နေဂျာ ဦးအေးဖေနှင့် သုတေသနပညာရှင်များက လက်တွေ့ဆောင်ရွက်ပြသကြသည်။

ထို့နောက် သုတေသနလုပ်ငန်းတွေ့ရှိချက်များကို နည်းပညာပေးမှုနှင့် ဆောင်ရွက်နေသည့် နှစ်ရှည်ပင်သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကြည်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက သုတေသနပညာရှင်များအား တိုးတက်ပြောင်းလဲလာသော စိုက်ပျိုးမှုနည်းပညာများ၊ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာမှုသုတေသနပြု၍ တွေ့ရှိချက်များ ပြည်သူလူထုထံသို့ ရောက်ရှိရေး လက်တွေ့စီးပွားဖြစ် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် လယ်ယာကဏ္ဍလုပ်ငန်းများ၏ ရည်မှန်းချက်များ အောင်မြင်အောင် သုတေသနပြုလုပ်ရေး၊ ရော်ဘာဖြင့် ဆီအုန်းမျိုးများ လိုအပ်ချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

နှစ်ဖက်သောမိဘများနှင့် ခင်ပွန်းဦးတင်ရှိန်တို့အား ရည်စူး၍ လှိုင်မြို့နယ် (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနေ ဒေါ်ခင်သန်းတင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဧပြီ ၄ ရက်က ထာဝရဆေးပဒေသာပင်ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က-ပ)

လှိုင်မြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ် (၉) တွင် ဧပြီ ၃ ရက်က ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ပတ်လည် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြထွေးက သူငယ်တန်းမှ ပထမဆုရ မသဲထက်ဆုအား ဆုချီးမြှင့်စဉ်။

(က-ပ)

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ၊

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ၊

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ၊

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်၊

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ၊

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ၊

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ၊

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ၊

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ၊

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

၁၃၆၆ခုနှစ် မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော်သူ မြို့တော်သားများ စေတီ၊ ပုထိုး၊ ကျောင်းကန်များ၌ ကုသိုလ်ပြု အေးချမ်းပျော်ရွှင်စွာရေကစား

ပျော်ရွှင်စွာ ရေပက်ကစား

မဟာသင်္ကြန် အကျနေ့တွင် အနော်ရထာလမ်းနှင့် (၂၃)လမ်းထောင့်ရှိ ထွန်းရွှေဝါမိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။

(ကြေးမုံ)

ရန်ကုန် ဧပြီ ၁၄

ယနေ့သည် ၁၃၆၆ခုနှစ် မဟာသင်္ကြန်အကျနေ့ဖြစ်သည်။ ယခုနှစ် မဟာသင်္ကြန်ကျချိန်သည် ၁၃၆၆ခုနှစ် နှောင်းတန်ခူးလဆန်း ၆ရက်၊ ၂၀၀၅ခုနှစ် ဧပြီ ၁၄ရက် ကြာသပတေးနေ့ မြန်မာစံတော်ချိန် နံနက် ၂နာရီ ၂၅မိနစ် ၁၀စက္ကန့်တွင် မဟာသင်္ကြန်ကျရောက်ပြီး မဟာသင်္ကြန်ကြတ်ချိန်သည် ၁၃၆၆ခုနှစ် နှောင်းတန်ခူးလဆန်း ၇ရက်၊ ၂၀၀၅ခုနှစ် ဧပြီ ၁၅ရက် သောကြာနေ့ဖြစ်ကာ မဟာသင်္ကြန်တက်ချိန်သည် နှောင်းတန်ခူးလဆန်း ၈ရက်၊ ဧပြီ ၁၆ရက် စနေနေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီ ၂၉မိနစ် ၅၁စက္ကန့်ဖြစ်သကဲ့သို့ မြန်မာနှစ်ဆန်းတစ်ရက်သည် ၁၃၆၇ခုနှစ် ဦးတန်ခူးလဆန်း ၉ရက် ၂၀၀၅ခုနှစ် ဧပြီ ၁၇ရက် တနင်္ဂနွေနေ့ဖြစ်သည်။

စည်ကား

ယနေ့သည် မဟာသင်္ကြန်အကျနေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့တော်သူ မြို့တော်သားများသည် ရန်ကုန်မြို့တော်အတွင်းရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများ၌ ပန်း၊ရေချမ်း၊ ဆီမီး၊အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်း၍ ဥပုသ်သီတင်းစောင့်ထိန်းကြသူများ၊ တရားဘာဝနာပွားများကြသူများ၊ စေတီပုထိုးဘုရားကျောင်းကန်များ၊ မိမိတို့၏ရပ်ကွက်၊ လမ်း၊ နေအိမ်များ၌ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စတုဒိသာကျွေးမွေးဧည့်ခံ၍ အလှူဒါနပြုကြသူများဖြင့်လည်းကောင်း ရန်ကုန်မြို့တော်တစ်ခွင်၌ စည်ကားလျက်ရှိသည်။

ထို့အတူရန်ကုန်မြို့တော်သူ၊ မြို့တော်သားများသည် စိတ်သစ်၊ လူသစ်၊ အားမာန်သစ်တို့ဖြင့် နှစ်ဟောင်းကိုခြွေ၍ နှစ်သစ်ကိုကြိုဆိုကာ လန်းဆန်းတက်ကြွ ရွှင်မြူးသော မနသီကာယတို့ဖြင့် ပျော်ရွှင်မြူးထူးစွာ စည်းကမ်းတကျ အတာရေ ပက်ဖျန်းကစားကြသည်ကို တွေ့ရသည်။

၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက် ထိန်းသိမ်းသွားရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏တာဝန်များကို နှစ်သစ်တွင် စွမ်းအားပြည့်ဖြင့် ဆောင်ရွက်နိုင်စေရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် အတာရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွဲနိုင်ရန်နှင့် မြန်မာ့မှုဟန်၊ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်စေရန် ဟူသော မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ရန်ကုန်မြို့တော်တစ်ခွင်၌ စည်းကမ်းတကျ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဆင်ယင်ကျင်းပလျက်ရှိသည်။

ရိုးရာသင်္ကြန်

၁၃၆၆ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါးဆင်နွဲကြရာတွင် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူယာဉ်မောင်းသင်တန်းကွင်း၌ ကျင်းပရာ ကျောက်ဖြူမြို့နယ်၏ သန္တာမြေ၊ မြောက်ဦးမြို့နယ်၏ ရခိုင်တန်ဆောင်၊ ပုဏ္ဏားကျွန်းမြို့နယ်၏ ဦးရာဇ ရင်သွေးပိတောက်မွှေး၊ ပေါက်တောမြို့နယ်၏ သဇင်မေတို့ ပျော်ရာမြေ၊ ဘူးသီးတောင်မြို့နယ်၏ စိုင်းတင်ရိုးမ မျိုးဆက်အားမာန်၊ မောင်တောမြို့နယ်၏ မေယုပျိုမေ၊ ရခိုင်သဟာယအသင်း(ရန်ကုန်)၏ ရခိုင်ညွန့်ဖူး၊ ရခိုင်အမျိုးသမီးအသင်း၏ မြတ်ပန်းသဇင်၊ စစ်တွေကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့၏ ကံ့ကော်ရင်သွေးနှင့် မြေပုံမြို့နယ်၏ ဟန်တာကမ်းသူ ရေကစားမဏ္ဍပ်များမှ ရခိုင်ရိုးရာအစဉ်အလာအတိုင်း လေ့လောင်းဖြင့် အပြန်အလှန် ရေပက်ကစားကြပြီး ရိုးရာအစားအစာများကိုလည်း ရောင်းချလျက်ရှိရာ ရေပက်ကစားကြသူများ၊ ရခိုင်ရိုးရာအစားအစာများ လာရောက်စားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းမပေါ်ရှိ ရေကစားမဏ္ဍပ်တစ်ခု၌ ရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
(ကြေးမုံ)

ထို့အတူ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းတစ်လျှောက်တွင်လည်း တော်ဝင်နှင်းဆီ၊ ဇေရယ်မယ်၊ ချောကလျာ၊ နွေအိပ်မက်စသည့် ရေကစားမဏ္ဍပ်များအပြင် ဆရာစံလမ်းတစ်လျှောက်တွင်လည်း ဥဩ၊ ရိုးရိုးလေး၊ ရွှေရတနာ၊ ပိတောက်ချစ်သူ၊ ဘောဂ၊သင်္ကြန်ရင်ခွင်၊ ပိတောက်ခိုင် စသည့် ရေကစားမဏ္ဍပ်များ၌လည်းကောင်း၊ ဦးချစ်မောင်လမ်းတစ်လျှောက်၌လည်း ဇတုတ်မိုး၊ ငွေလရောင်၊တာသင်္ကြန်၊ သင်္ကြန်ကဗျာ၊ ရင်ခွင်သစ်၊ ရွှေနဂါးညီနောင်၊ နွေဦးကဗျာ၊ မေပိတောက်၊ ကဗျာမမီ စသည့်ရေကစားမဏ္ဍပ်များ၌ လည်းကောင်း ပျော်ရွှင်မြူးထူးစွာ ရေကစားကြသည့်နည်းတူ ဗဟန်းမြို့နယ်အတွင်းရှိ အနောက်မြင်းပြိုင်ကွင်းလမ်း၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဥဿဖယားလမ်း၊ ဓမ္မစေတီလမ်း၊ သံလွင်လမ်း၊ အင်းလျားမြိုင်လမ်း စသော လမ်းမကြီးများနှင့် လမ်းသွယ် အသီးသီးတို့တွင်လည်း ရေပက်ကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရေသဘင်ပွဲဆင်နွဲ

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးနှင့် ပြင်သစ်နိုင်ငံ သံရုံးတို့မှ သံတမန်များနှင့် သံရုံးအဖွဲ့ဝင်မိသားစုများ၊ သံရုံးဝန်ထမ်းမိသားစုများသည်လည်း ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများနည်းတူ ရေကစားမဏ္ဍပ်များဖြင့် ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွဲကြသည်။

ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းနှင့် အင်းလျားလမ်းထောင့်၌ ရေပက်ခံ ကားများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
(ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်၌ ဂျင်ဗဲရား၊ နွေသင်္ကြန်မယ်၊ မေသင်္ကြန်၊ မြိုင်၊ ရွှေထားဝယ်၊ မင်္ဂလာအတာ၊ ပိတောက်ရင်ခွင်၊ နွေသင်္ကြန်၊ ပိတောက်၊ နတ်မိမယ်၊ အနုပညာကြေးမုံ၊ နွေအသင်း၊ နွေဦးသင်္ကြန်၊ ဒေါက်တာဂျီ၊ ခိုက်တယ်၊ ပိတောက်အိပ်မက်၊ ရွှေဝါဖူး၊ နွေပိတောက်၊ ရွှေစံပယ်၊ သင်္ကြန်မိုး၊ အတာမောင် စသည့် ရေကစားမဏ္ဍပ်များအပြင် အင်းလျားလမ်းတစ်လျှောက်တွင်လည်း စုစည်းခြင်း၊ သင်္ကြန်မိုး၊ မှတစ်ပါး၊ တန်ခူးလေ၊ နွေနဒီ၊ ပိတောက်ဝါ၊ နွေကဗျာ၊ ဒီတန်ခူး၊ သင်္ကြန်လိပ်ပြာ၊ စိမ်းလန်းစိုပြည်၊ ရွက်လှေ၊ နွေဦးကျွဲ၊ နွေသင်္ကြန်၊ ငုဝါ ပိတောက်၊ သီတာရေစင်၊ သင်္ကြန်ရွှေစင်၊ ဖလိုင်းဝေး၊ ဂဃနဏ၊ ပိတောက်သီတာချမ်းမြေ့၊ ပိတောက်ရွှေဝါ၊ ရွှေပိတောက်၊ ဖိုးသိကြားမင်း၊ ကမာကောင်၊ မိုးကောင်းကင်၊ နွေပိတောက်၊ အလန်းပိတောက်၊ ပိတုန်း၊ နွေဦးကဗျာ၊ ပိတောက်ရွှေဝါ၊ အနှိုင်းမဲ့၊ မြရွှေပိတောက်၊ နွေဦး၊

မဟာသင်္ကြန်အကျနေ့က စက်မှု (၁) လမ်းတွင် ပျော်ရွှင်စွာ ရေပက်ကစားနေသည်ကို တွေ့ရစဉ်။
(ကြေးမုံ)

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ➡

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မန္တလေးမြို့တော်မဟာသင်္ကြန်ဖွင့်ပွဲနှင့် မြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲတက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၄

၁၃၆၇ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် မန္တလေးမြို့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များ၊ ရန်ကုန်မြို့မှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ရုပ်ရှင်၊ဂီတ၊သဘင်အနုပညာရှင်များ၊ ယိမ်းအကအဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ အပါအဝင် ဒေသခံပြည်သူများ အထူးစည်ကားစွာတက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ဂါရဝပြုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား ၁၃၆၇ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် အလှပြယာဉ်များက ဖြတ်သန်းပြီး ဂါရဝပြုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ **နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**
- ✱ **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
- ✱ **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- ✱ **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- ✱ **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- ✱ **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- ✱ **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
- ✱ **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**
- ✱ **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- ✱ **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန မိသားစု မဟာသင်္ကြန်မဏ္ဍပ်တွင် တိုင်းရင်းသားလူမျိုးများအား အတာရေများ ပက်ဖျန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ယင်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ယင်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် မိသားစုများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တို့သို့ သွားရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍